**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သောသတင်းလွှာ ( ၂ /၂၀၁၉ )**

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဖေဖော်ဝါရီလ ၂၆ ရက်

အကြောင်းအရာ။ **ဝိုင်တင်သွင်းခွင့်မှတ်ပုံတင်နှင့် လက်လီ/လက်ကားရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင် ပြင်ဆင်ကြေးနှင့် မိတ္တူမှန်ကြေးတို့အားသတ်မှတ်ခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိပြောင်းလဲတိုးတက်လာသော အခြေအနေအရ နိုင်ငံခြားသားများဝင်ရောက်မှုများပြားလာခြင်း၊ ပြည်တွင်းဈေးကွက်လိုအပ်ချက်ရှိခြင်း တို့ကြောင့် နိုင်ငံခြားဖြစ်ဝိုင်အမျိုးမျိုးတင်သွင်းခွင့်ပြုခြင်းကို (၁၇-၃-၂၀၁၅) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁၈/၂၀၁၅) ဖြင့်လည်းကောင်း၊ လက်လီ/လက်ကားရောင်းချဖြန့်ဖြူးသူများ အကြားမျှတသောယှဉ်ပြိုင်မှုတိုးတက်စေခြင်းဖြင့် စားသုံးသူများအတွက် ဈေးနှုန်းလျော့ကျပြီး ရွေးချယ်ခွင့်ပိုမိုရရှိစေရန်၊ ရောင်းချဖြန့်ဖြူးမှုလုပ်ငန်းများတွင် ကုန်ပစ္စည်းအရည်အသွေး၊ ဝန်ဆောင်မှုအရည်အသွေး၊ နည်းပညာများတိုးတက်စေရန်နှင့် ပြည်တွင်းထုတ်ကုန်များ ဈေးကွက်ပိုမိုရရှိ၍ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်သည့်ကုမ္ပဏီများအား ပြည်တွင်းတွင် လက်လီ/လက်ကားရောင်းချခွင့်ပြုခြင်းကို (၉-၅-၂၀၁၈) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၈) ဖြင့်လည်းကောင်း၊ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ သက်တမ်းကာလနှင့် မှတ်ပုံတင်ကြေး၊ သက်တမ်းတိုးကြေးသတ်မှတ်ချက်များပါဝင်သည့် လက်လီလက်ကား ရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင် လျှောက်ထားခြင်းဆိုင်ရာလုပ်ငန်းစဉ်ထုတ်ပြန်ခြင်းကို သတင်းလွှာ ၂/၂၀၁၈ ဖြင့်လည်းကောင်း အသီးသီးထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်များတွင် ခွင့်ပြုထုတ်ပေးထားသည့် မှတ်ပုံတင်များ တွင်ပါဝင်သော အချက်များအပေါ် ပြင်ဆင်ခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုထုတ်ပေးထားသော မှတ်ပုံတင်များ ပျောက်ဆုံးခြင်းကြောင့် မိတ္တူမှန်လျှောက်ထားခြင်းများအတွက် နိုင်ငံတော်သို့ပေးသွင်းရမည့် သတ်မှတ်နှုန်းထားများ ပါဝင်ခြင်းမရှိသေးသဖြင့် အဆိုပါ မှတ်ပုံတင်များအပေါ် ပြင်ဆင်ကြေးနှင့် မိတ္တူမှန်ကြေးများအား အောက်ပါသတ်မှတ်နှုန်းအတိုင်း ပေးသွင်းရန်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ဝိုင်တင်သွင်းခွင့်မှတ်ပုံတင်နှင့် လက်လီ/လက်ကားရောင်းချခွင့် လုပ်ငန်းမှတ်ပုံတင်ပါအချက်များ ပြင်ဆင်ပါက ပြင်ဆင်ချက်တစ်ချက်လျှင် ကျပ် ၁၀၀၀၀၊

(ခ) ဝိုင်တင်သွင်းခွင့်မှတ်ပုံတင်နှင့် လက်လီ/လက်ကားရောင်းချခွင့် လုပ်ငန်းမှတ်ပုံတင် မိတ္တူမှန်လျှောက်ထားလျှင် ကျပ် ၂၀၀၀၀၊

**ကုန်သွယ်ရေးဦးစီးဌာန**